# ဂျီဘီအက်(စ်)လယ်ယာ ဝန်ဆောင်မှုလုပ်ငန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
# အထူးအထွေထွေအစည်းအဝေး ဖိတ်ကြားလွှာ

၁။ ဂျီဘီအက်(စ်)လယ်ယာ ဝန်ဆောင်မှုလုပ်ငန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ အထူးအထွေထွေ အစည်းအဝေးကို ကျင်းပပြုလုပ်မည် ဖြစ်ပါကြောင်း အစုရှယ်ယာရှင်များ သိရှိနိုင်ပါရန် လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

၂။ အစည်းအဝေးတွင် အောက်ပါအချက်များအား အစုရှယ်ယာရှင်များ၏ အတည်ပြုချက် ရယူဆောင်ရွက်သွားမည် ဖြစ်ပါသည် -

(က) မိမိတို့ကုမ္ပဏီ၏ အစုရှယ်ယာများကို ဈေးကွက်အတွင်း ပိုမိုဖြစ်ထွန်းလွယ်ကူစွာ အရောင်းအဝယ်ပြုလုပ်နိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံသူများပိုမိုလက်လှမ်းမီပါဝင်လာစေရန် ရည်ရွယ်၍ ကုမ္ပဏီ၏လက်ရှိ သတ်မှတ်ထားသော မူလအစုရှယ်ယာ (၁) စု လျှင် အစုရှယ်ယာ (၂၀) စု အချိုး (1-to-20 Share Split) ဖြင့် ခွဲခြမ်းသတ်မှတ်နိုင်ရေးအတွက် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အစုရှယ်ယာရှင် များထံမှ အထူးဆုံးဖြတ်ချက် (Special Resolution) ဖြင့် အတည်ပြုချက်ရယူခြင်း၊ (ယခုရှယ်ယာခွဲခြမ်းမှုသည် ကုမ္ပဏီ၏ စုစုပေါင်းမတည် ရင်းနှီးမြှုပ်နှံမှု တန်ဖိုးနှင့် ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်မှုတန်ဖိုးအပေါ် ပြောင်းလဲမှုရှိမည် မဟုတ်ဘဲ၊ ရှယ်ယာအရေအတွက်သာ (၂၀) ဆ တိုးပွားလာမည်ဖြစ်ပါသည်။)

(ခ) ရန်ကုန်စတော့အိတ်ချိန်း (YSX) Pre-Listing Board (PLB) မှ Main Board (MB) သို့ တက်လှမ်းနိုင်ရန်အတွက် ရှယ်ယာရှင်များ၏ သဘောတူညီချက်ရယူခြင်း၊

(ဂ)

| | |
|---|---|
| အရေးကြီးသောအကြောင်းအရာ | ရက်စွဲ ၊ ၁၃-၀၆-၂၀၂၆ |
| ရှယ်ယာအရောင်းအဝယ်ပြုရမည့်နောက်ဆုံးရက် | ၁၉-၀၆-၂၀၂၆ |
| အစုရှယ်ယာရှင်အဖြစ်အတည်ပြုမည့်ရက် | ၂၄-၀၆-၂၀၂၆ |
| အထူးအထွေထွေအစည်းအဝေးကျင်းပမည့်ရက် | ၁၁-၀၇-၂၀၂၆ |

၃။ အစည်းအဝေးကိုအောက်ဖော်ပြပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအနေဖြင့် မပျက်မကွက်တက်ရောက်ပေးကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ကိုယ်တိုင်အစည်းအဝေးမတက်ရောက်နိုင်ပါက Online ဖြင့် အစည်းအဝေးတက်ရောက်ရန် အစုရှယ်ယာရှင် တစ်ဦးချင်းစီသို့ အစည်းအဝေးတက်ရောက်ရမည့် Zoom Meeting ID တို့ကို Email (သို့) SMS တို့ဖြင့် အချိန်မှီပေးပို့ပေးသွားမည်ဖြစ်ပါသည်။ အစုရှယ်ယာရှင်များအနေဖြင့် အထူးအထွေထွေအစည်းအဝေးသို့ တက်ရောက်မည့်အစီအစဉ်ကို (၃-၇-၂၀၂၆ ၊ သောကြာနေ့) ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ် အတည်ပြုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

- **အစည်းအဝေးကျင်းပမည့်နေ** - ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၁၁ ) ရက် (စနေနေ့ )
- **အစည်းအဝေးကျင်းပမည့်အချိန် -** နံနက် ( ၁၀:၀၀ ) နာရီတိတိ
- **အစည်းအဝေးကျင်းပမည့်နေရာ -** ကူဘိုတာဂျီဘီအက်(စ်) အရောင်းခန်းမ၊ အမှတ် (၅၁၊၅၂၊၅၇)၊ မင်းရောလမ်းနှင့် မေခလမ်းကြား၊ ရွှေသံလွင် စက်မှုဇုံ (၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
- **ဆက်သွယ်ရန်ဖုန်းနှင့် အီးမေးလ် -** 09 4571 86209, 09 4211 50436, asphradmin@gbs.com.mm

**ဒါရိုက်တာအဖွဲ့**

**ဂျီဘီအက်(စ်)လယ်ယာ ဝန်ဆောင်မှုလုပ်ငန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**